## 1-2 ပြည်ဝင်ဆိပ်၌ ဆောင်ရွက်ရန်များ

ပြည်ဝင်ဆိပ်တွင် ကာလရှည်ကာလလတ် နေထိုင်သူအနေဖြင့် ပြည်ဝင်ခွင့်သစ်ရရှိသည်နှင့် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးခြင်းကို ရရှိမည်ဖြစ်သည်။ သို့သော်လည်း အခုလောလောဆယ် နာရီတာ၊ ဟာနေဒ၊ ချူးဘုနှင့် ခန်းဆိုင် လေဆိပ်များ၌ သာလျှင်ဖြစ်သည်။ ထုတ်ပေးထားသည့်နေထိုင်ခွင့်ကတ်ပြားကို ရရှိပြီးသူသည် နေရပ်လိပ်စာ အတည်ဖြစ်ပြီးပါက ထိုနေရပ်လိပ်စာရှိသည့် မြို့နယ်ရုံးတွင် နေထိုင်ခွင့်ကတ်ပြားနှင့်အတူ နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားပြီး နေရပ်လိပ်စာကို အကြောင်းကြားရမည်။

ပြည်ပင်ဆိပ်တွင် နေထိုင်ခွင့်ကတ်ပြားထုတ်ပေးခြင်းမရှိဘဲ နိုင်ငံကူးလက်မှတ်တွင် နေထိုင်ခွင့်ကတ်ပြားကို နောင်တွင် ထုတ်ပေးရန်ဟု ရေးမှတ်ခြင်းခံရသူသည် နေရပ်လိပ်စာအတည်ဖြစ်ပါက နေရပ်လိပ်စာရှိ မြို့နယ်ရုံးသို့ နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားပြီး နေရပ်လိပ်စာကို အကြောင်းကြားရမည်။ ထို့နောက် ထိုနေရပ်လိပ်စာသို့ ကာယကံရှင်၏အမည်ဖြင့် နေထိုင်ခွင့်ကတ်ပြားကို ပို့လာမည်။

## 1-3 မြို့နယ်၌ ဆောင်ရွက်ရန်များ

နေထိုင်ခွင့်ကတ်ပြားတွင် ယခုလက်ရှိ နေရပ်လိပ်စာ မထည့်သွင်းထားရသေးသူများသည် နေထိုင်ရာမြို့နယ်ရုံးတွင် နေထိုင်ခွင့်ကတ်ပြား၌ လိပ်စာထည့်သွင်းဖြည့်စွက်ခြင်းကို ရယူပါ။ အခြား မြို့နယ်သို့ အိမ်ပြောင်းမည်ဆိုပါက ကြိုတင်၍ လိပ်စာဟောင်းရှိရာ မြို့နယ်ရုံးတွင် နေရပ်သစ်သို့ပြောင်းရွှေ့ခြင်းကို အကြောင်းကြားပြီး လိပ်စာသစ်၏ မြို့နယ်ရုံးတွင် နေရပ်သစ်ဝင်ရောက်ခြင်းကို အကြောင်းကြားရမည်ဖြစ်သည်။ ပြောင်းရွှေ့ကြောင်း အကြောင်းကြားသည့်အခါ နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပြလျှင် (မြို့နယ်အတွင်း ရွှေ့ပြောင်းပါက ရွှေ့ပြောင်းကြောင်းကို အကြောင်းကြားသည်။) လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်း အလိုလို လိပ်စာအပြောင်းအလဲ အကြောင်းကြားခြင်း ဖြစ်သွားမည်။